# ကိုယ်ရေးအချက်အလက် လုံခြုံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အသိပေးချက်

## မူးယစ်ဆေးစွဲရောဂါ ကုသရေး အစီအစဉ်များ

**ကျွန်ုပ်တို့သည် သင့်ကိုယ်ရေးအချက်အလက် လုံခြုံမှုအတွက် ကတိကဝတ်ပြုပါသည်**

ဖက်ဒရယ်ဥပဒေသည် မူးယစ်ဆေးစွဲရောဂါဝေဒနာရှင် လူနာ၏ မှတ်တမ်းများကို လျှို့ဝှက်ထားရှိရန် ကာကွယ်ပေးထားပါသည်။

ဤအသိပေးချက်တွင် အောက်ပါအချက်များကို ဖော်ပြထားပါသည်-

- သင့်ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို မည်ကဲ့သို့ အသုံးပြုနိုင်ပြီး ထုတ်ဖော်ပြောကြားနိုင်ပုံ
- သင့်ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ သင့်တွင်ရှိသော အခွင့်အရေးများ
- သင့်ကျန်းမာရေးဆိုင်ရာ အချက်အလက်များ၏ သီးသန့်ဖြစ်မှု သို့မဟုတ် လုံခြုံမှုကို ချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ သို့မဟုတ် သင်၏အချက်အလက်ဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ တိုင်ကြားနိုင်သည့် နည်းလမ်း

သင်သည် ဤအသိပေးချက်၏ မိတ္တူကို (စာရွက်ဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်စေ) ရယူပိုင်ခွင့်ရှိသည်။ မေးမြန်းလိုသည်များရှိပါက Corewell Health ၏ ကိုယ်ရေးအချက်အလက် လုံခြုံမှုဆိုင်ရာရုံး ဖုန်းနံပါတ် **616.486.4113** သို့မဟုတ် အီးမေးလ် **privacy@corewellhealth.org** သို့ ဆက်သွယ်၍ မေးမြန်းဆွေးနွေးနိုင်ပါသည်။

သင့်ကျန်းမာရေးအချက်အလက်များ၏ သီးသန့်ဖြစ်မှုမှာ Corewell Health ၏ အမြဲတမ်းဦးစားပေးဖြစ်သည်။ ဤအသိပေးချက်တွင် Corewell Health ရှိ မူးယစ်ဆေးစွဲရောဂါဝေဒနာရှင် လူနာများအတွက် ၎င်းတို့၏ ကိုယ်ရေးအချက်အလက် လုံခြုံမှုဆိုင်ရာ အခွင့်အရေးများနှင့် အဆိုပါအခွင့်အရေးများကို အစဉ်တစိုက် ကာကွယ်ပေးသွားမည့် Corewell Health ၏ ကတိကဝတ်ဆိုင်ရာ အချက်အလက်များကို ဖော်ပြပေးထားပါသည်။ သင့်ကျန်းမာရေးအချက်အလက်ကို စုဆောင်း၊ အသုံးပြုပုံနှင့် ပတ်သက်၍ သင့်တွင် ရွေးချယ်မှုများ ပြုလုပ်ခွင့်ရှိသည်။

**ကိုယ်ရေးအချက်အလက် လုံခြုံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အသိပေးချက်**

ဤအသိပေးချက်တွင် သင်၏ မူးယစ်ဆေးစွဲရောဂါ ကုသရေး အချက်အလက်များကို မည်ကဲ့သို့ အသုံးပြုနိုင်ပြီး ထုတ်ဖော်ပြောကြားနိုင်ပုံနှင့် အဆိုပါ အချက်အလက်များကို သင်ကိုယ်တိုင် မည်သို့ရယူကြည့်ရှုနိုင်ပုံတို့ကို ဖော်ပြထားပါသည်။ မူးယစ်ဆေးစွဲရောဂါ ကုသရေးအစီအစဉ်တွင် စတင်ပါဝင်သည့်အချိန်၌ ဤအသိပေးချက်ကို သင့်အား ပေးအပ်ပါမည် သို့မဟုတ် ထိုအချိန်၌ သင်၏ ကျန်းမာရေးအခြေအနေကြောင့် နားလည်သဘောပေါက်နိုင်စွမ်း မရှိသေးပါက နားလည်နိုင်စွမ်းရှိလာသည်နှင့်တစ်ပြိုင်နက် အမြန်ဆုံး ပေးအပ်သွားပါမည်။ **ဤအသိပေးချက်ကို သေချာစွာ ဖတ်ရှုပေးပါ**။ ဤအသိပေးချက်သည် 2026 ခုနှစ်၊ ဖေဖော်ဝါရီလ 16 ရက်မှစ၍ အကျုံးဝင်ပါသည်။

**မည်သူက ဤအသိပေးချက်ကို လိုက်နာရမလဲ**

ဤအသိပေးချက်သည် 42 CFR အပိုင်း 2 (အပိုင်း 2) အရ မူးယစ်ဆေးစွဲရောဂါဆိုင်ရာ ကုသရေး သို့မဟုတ် ဝန်ဆောင်မှုများကို ပေးအပ်နေသော Corewell Health ၏ အစီအစဉ်များ သို့မဟုတ် ဝန်ဆောင်မှုပေးသူများနှင့် သက်ဆိုင်ပါသည်။ ဤကိုယ်ရေးအချက်အလက် လုံခြုံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အသိပေးချက်တွင် ပြောင်းလဲမှု တစ်စုံတစ်ရာ ရှိပါက သင်ကုသမှုခံယူနေသည့် ရုံးခန်း သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုဌာနတွင်ဖြစ်စေ၊ ဖုန်းနံပါတ် **616.486.4113** သို့ ခေါ်ဆို၍ဖြစ်စေ သို့မဟုတ် **privacy@corewellhealth.org** သို့ အီးမေးလ်ပေးပို့၍ဖြစ်စေ ပြောင်းလဲမှုအချက်အလက်များကို ရယူနိုင်ပါသည်။

**သင့်ကျန်းမာရေးအချက်အလက်နှင့်စပ်လျဉ်းသော ကျွန်ုပ်တို့၏ ကတိပြုချက်**

သင့်ကျန်းမာရေးအချက်အလက်သည် ကိုယ်ရေးကိုယ်တာ အချက်အလက်ဖြစ်သည်ကို ကျွန်ုပ်တို့နားလည်ပြီး ၎င်းကို ကာကွယ်ရန် ကျွန်ုပ်တို့ကတိပြုပါသည်။ ကျွန်ုပ်တို့ အသုံးပြုသည့်၊ ဖန်တီးသည့်၊ သိမ်းဆည်းသည့်၊ ထုတ်ဖော်ပြောကြားသည့် သင့်ကျန်းမာရေးဆိုင်ရာ အချက်အလက်များသည် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ အပိုင်း 2 အစီအစဉ်များထံမှ သင်ရရှိသော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုများနှင့် သက်ဆိုင်နိုင်ပါသည်။ ကျွန်ုပ်တို့သည် Corewell Health ထံမှ သင်ရရှိသော စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများအတွက် မှတ်တမ်းတစ်ခုကို ပြုစုထားရှိပါသည်။ ဤမှတ်တမ်းကို ထားရှိခြင်းအားဖြင့် ကျွန်ုပ်တို့သည် သင့်အား အရည်အသွေးမြင့် စောင့်ရှောက်မှုကို ပေးအပ်နိုင်ပြီး အချို့သော ဥပဒေသတ်မှတ်ချက်များကို လိုက်နာနိုင်ပါမည်။ ဤအသိပေးချက်သည် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်စေ၊ စာရွက်ဖြင့်ဖြစ်စေ Corewell Health က သိမ်းဆည်းထားသော သင်၏စောင့်ရှောက်မှုနှင့်ဆိုင်သည့် အပိုင်း 2 မှတ်တမ်းများအပေါ် သက်ရောက်မှုရှိပါသည်။ သင့်အား ကုသစောင့်ရှောက်မှုပေးနေသော ဆရာဝန်သည် Corewell Health ၏ အဖွဲ့ဝင်တစ်ဦး မဟုတ်ပါက သင်၏ ဆေးကုသမှုအချက်အလက်များကို အသုံးပြုခြင်း၊ ထုတ်ဖော်ပြောကြားခြင်းနှင့် စပ်လျဉ်း၍ ၎င်းတို့တွင် မတူညီသော မူဝါဒများ သို့မဟုတ် အသိပေးချက်များ ရှိနိုင်ပါသည်။ ဤအသိပေးချက်သည် သင်၏ အပိုင်း 2 ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို အသုံးပြုသည့် သို့မဟုတ် ထုတ်ဖော်ပြောကြားသည့် နည်းလမ်းများကို ဖော်ပြပေးထားပါသည်။ ၎င်းတွင် မူးယစ်ဆေးစွဲရောဂါဆိုင်ရာ ကျန်းမာရေး အချက်အလက်များကို အသုံးပြုခြင်း၊ ထုတ်ဖော်ပြောကြားခြင်းနှင့် စပ်လျဉ်း၍ သင်၏အခွင့်အရေးများနှင့် ကျွန်ုပ်တို့လိုက်နာရမည့် တာဝန်ဝတ္တရားများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့သည် ဥပဒေအရ အောက်ပါတို့ကို လုပ်ဆောင်ရန် လိုအပ်သည်-

- သင်၏ အပိုင်း 2 ကျန်းမာရေးဆိုင်ရာ အချက်အလက်များ အပါအဝင် ကာကွယ်ထားသော ကျန်းမာရေးဆိုင်ရာ အချက်အလက်များ (PHI) ၏ သီးသန့်ဖြစ်မှုနှင့် လုံခြုံမှုကို ထိန်းသိမ်းရန်။
- အပိုင်း 2 မှတ်တမ်းများနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏ ဥပဒေကြောင်းအရ တာဝန်များနှင့် ကိုယ်ရေးအချက်အလက် လုံခြုံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အသိပေးချက်ကို လူနာများအား ပေးအပ်ရန်။
- လက်ရှိအကျုံးဝင်သော အသိပေးချက်တွင် ဖော်ပြထားသည့် ကိုယ်ရေးအချက်အလက် လုံခြုံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရန်။
- တောင်းဆိုလာပါက ဤအသိပေးချက်၏ မိတ္တူတစ်စောင်ကို သင့်အား ပေးအပ်ရန်။
- မူးယစ်ဆေးစွဲရောဂါဆိုင်ရာ အချက်အလက်များ အပါအဝင် ကာကွယ်မထားသော ကျန်းမာရေးဆိုင်ရာ အချက်အလက်များ ပေါက်ကြားမှု ဖြစ်ပွားပြီးနောက် သက်ဆိုင်ရာ ကာယကံရှင်များအား အကြောင်းကြားရန်။

**သဘောတူညီချက် ပေးအပ်ရန်နှင့် ပြန်လည်ရုပ်သိမ်းရန် အခွင့်အရေး**

ကုသမှု၊ ငွေပေးချေမှု သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းဆောင်တာ ရည်ရွယ်ချက်များအလို့ငှာ သင်၏ အပိုင်း 2 ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို နောင်တွင် အသုံးပြုခြင်း သို့မဟုတ် ထုတ်ဖော်ပြောကြားခြင်း အားလုံးအတွက် သဘောတူညီချက်တစ်ကြိမ်တည်း ပေးထားနိုင်ပါသည် (ထိုသို့သော အချက်အလက်များကို မည်သို့ အသုံးပြုနိုင်သည်ကို အောက်တွင် အသေးစိတ် ထပ်မံဖော်ပြထားပါသည်)။ သင်ပေးထားသော သဘောတူညီချက်အပေါ် အခြေခံ၍ Corewell Health က

လုပ်ဆောင်ပြီးစီးသွားသည့် ကိစ္စရပ်များမှအပ ကျန်အခြေအနေများတွင် သင်သည် သဘောတူညီချက်ကို အချိန်မရွေး ပြန်လည်ရုပ်သိမ်းနိုင်ပါသည်။ ကုသမှု၊ ငွေပေးချေမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းဆောင်တာအတွက် လူနာ၏ စာဖြင့်ရေးသားထားသော သဘောတူညီချက်အရ အပိုင်း 2 အစီအစဉ်တစ်ခု၊ အကျုံးဝင်သည့်အဖွဲ့အစည်းတစ်ခု သို့မဟုတ် လုပ်ငန်းမိတ်ဖက်တစ်ဦးထံသို့ ထုတ်ဖော်ပြောကြားလိုက်သော မှတ်တမ်းများကို အဆိုပါ အပိုင်း 2 အစီအစဉ်၊ အကျုံးဝင်သည့်အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းမိတ်ဖက်တို့က လူနာ၏ စာဖြင့်ရေးသားထားသော သဘောတူညီချက်ကို ထပ်မံရယူရန်မလိုဘဲ HIPAA စည်းမျဉ်းများအရ ထုတ်ဖော်ခွင့်ပြုသည့် အတိုင်းအတာအထိ ဆက်လက်၍ ထုတ်ဖော်ပြောကြားနိုင်ပါသည်။

## သင့်ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ကျွန်ုပ်တို့ အသုံးပြုနိုင်ပုံနှင့် ထုတ်ဖော်ပြောကြားနိုင်ပုံ

**ကုသမှုအတွက်-** ကျွန်ုပ်တို့သည် သင့်ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို အသုံးပြုနိုင်ပြီး သင့်အား ကုသမှုပေးနေသော အခြားကျွမ်းကျင်ပညာရှင်များထံသို့လည်း ထုတ်ဖော်ပြောကြားနိုင်ပါသည်။ ဥပမာအနေဖြင့် သင့်အား ထိခိုက်ဒဏ်ရာတစ်ခုအတွက် ကုသမှုပေးနေသော ဆရာဝန်က သင့်အလုံးစုံကျန်းမာရေးအခြေအနေအကြောင်းကို အခြားကျန်းမာရေးစောင့်ရှောက်မှုပေးသူထံမှ မေးမြန်းနိုင်ပါသည်။

ဆက်လက်စောင့်ရှောက်မှုရရှိရေး ရည်ရွယ်ချက်များအတွက် သင့်ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ကျွန်ုပ်တို့က ထုတ်ဖော်ပြောကြားနိုင်သည်။ Corewell Health ဌာနအမျိုးမျိုးက သင်၏ ဆရာဝန်ညွှန်းဆေးဝါး၊ ဓာတ်ခွဲစစ်ဆေးမှု၊ ဓာတ်မှန်ရိုက်ခြင်း သို့မဟုတ် ကုထုံးခံယူခြင်းကဲ့သို့ မတူညီသော လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ရန် သို့မဟုတ် လွှဲပြောင်းမှုကို ညှိနှိုင်းဆောင်ရွက်ရန် သင့်ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်ပြောကြားနိုင်သည်။

**ငွေပေးချေမှုအတွက်-** Corewell Health တွင် သင်ရရှိခဲ့သော ကုသမှုနှင့် ဝန်ဆောင်မှုများအတွက် ဆေးကုသစရိတ် တောင်းခံရန်နှင့် ကျန်းမာရေးအစီအစဉ်များ သို့မဟုတ် အခြားအဖွဲ့အစည်းများထံမှ ငွေပေးချေမှု ရရှိရန်အတွက် သင်၏ ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့် ကျန်းမာရေးနှင့်မသက်ဆိုင်သော အချက်အလက်များကို ကျွန်ုပ်တို့က အသုံးပြုခြင်းနှင့် ထုတ်ဖော်ပြောကြားခြင်းများ ပြုလုပ်နိုင်ပါသည်။ ဥပမာအနေဖြင့် ကျွန်ုပ်တို့က သင့်အချက်အလက်များကို သင့်ကျန်းမာရေးအာမခံအစီအစဉ်သို့ ပေးအပ်နိုင်သည်။ သို့မှသာ ၎င်းအစီအစဉ်က သင့်ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် ဝန်ဆောင်မှုများအတွက် ငွေပေးချေနိုင်ပါမည်။ ကြိုတင်ခွင့်ပြုချက်ရယူရန် သို့မဟုတ် သင့်အစီအစဉ်က ကုသမှုကို ကုန်ကျခံပေးခြင်းရှိ၊ မရှိ ဆုံးဖြတ်ရန်အတွက် ကျွန်ုပ်တို့သည် သင်ရယူမည့် ကုသမှုအကြောင်းကို သင့်ကျန်းမာရေးအစီအစဉ်အား ပြောပြနိုင်သည်။

ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတစ်ခုအတွက် သင် အပြည့်အဝ ငွေချေထားပြီး သင့်ကျန်းမာရေးအစီအစဉ်အား ထိုပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့်ပတ်သက်သည့် အချက်အလက်များကို မရရှိစေလိုကြောင်း သင်က ကျွန်ုပ်တို့အား ပြောကြားထားပါက ဥပဒေအရ လိုအပ်သည်မှအပ ကျွန်ုပ်တို့သည် ထိုအချက်အလက်များကို သင့်ကျန်းမာရေးအစီအစဉ်အား ထုတ်ဖော်ပြောကြားမည် မဟုတ်ပါ။

**ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းဆောင်တာများအတွက်-** စာရင်းအင်း၊ အာမခံလျော်ကြေးတောင်းဆိုချက်များကို စီမံကိုင်တွယ်ခြင်းကဲ့သို့ ကျွန်ုပ်တို့၏ လုပ်ငန်းကို လည်ပတ်ဆောင်ရွက်ရန် သို့မဟုတ် ကျွန်ုပ်တို့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို အကဲဖြတ်ရန်အတွက် သင့်ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ကျွန်ုပ်တို့က အသုံးပြုပြီး ထုတ်ဖော်ပြောကြားနိုင်သည်။ Corewell Health ၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန်နှင့် ကျွန်ုပ်တို့လူနာအားလုံး အရည်အသွေးမြင့်စောင့်ရှောက်မှု ရရှိကြောင်း သေချာစေရန် ဤကဲ့သို့သော အသုံးပြုမှုနှင့် ထုတ်ဖော်ပြောကြားမှုများကို လိုအပ်ပါသည်။

ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်ကို နှိုင်းယှဉ်ပြီး ကျွန်ုပ်တို့ကမ်းလှမ်းသည့် စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများအား တိုးတက်အောင်လုပ်နိုင်ပုံကို ဆုံးဖြတ်ရန်အတွက် ကျွန်ုပ်တို့တွင် ရှိထားသည့် ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို အခြားအဖွဲ့အစည်းများထံမှ ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့် ပေါင်းစပ်အသုံးပြုနိုင်သည်။

**စီမံခန့်ခွဲမှုဆိုင်ရာ စစ်ဆေးခြင်းများ၊ ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးခြင်းများနှင့် အစီအစဉ်အကဲဖြတ်ခြင်း-** အချို့သော စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များကို တာဝန်ယူဆောင်ရွက်ရသူများအနေဖြင့် အချက်အလက်များ ထုတ်ဖော်ပြောကြားခြင်းဆိုင်ရာ သတ်မှတ်ထားသော ကန့်သတ်ချက်များကို လိုက်နာရန် သဘောတူညီပါက သင်၏ အချက်အလက်များကို ၎င်းတို့ထံ ကျွန်ုပ်တို့ ထုတ်ဖော်ပြောကြားနိုင်ပါသည်။ စစ်ဆေးခြင်းများတွင် ဖက်ဒရယ်၊ ပြည်နယ်နှင့် ဒေသန္တရ အစိုးရဌာနများမှ စစ်ဆေးခြင်းများသာမက ကျန်းမာရေးစောင့်ရှောက်မှုစနစ်၊ အစိုးရစီမံကိန်းများနှင့် နိုင်ငံသားအခွင့်အရေး ဥပဒေများကို လိုက်နာမှု ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးရန်အတွက် ပြင်ပအဖွဲ့အစည်း ငွေပေးချေသူများနှင့်/သို့မဟုတ် ကျန်းမာရေးအစီအစဉ်များမှ စစ်ဆေးခြင်းများလည်း ပါဝင်ပါသည်။

## သင့်ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ကျွန်ုပ်တို့ အသုံးပြုနိုင်ပုံနှင့် ထုတ်ဖော်ပြောကြားနိုင်ပုံ – အထူးအခြေအနေများ

**ဆေးဘက်ဆိုင်ရာ အရေးပေါ်အခြေအနေ-** ဆေးဘက်ဆိုင်ရာ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက သင်၏ စာဖြင့်ရေးသားထားသော သဘောတူညီချက် မပါရှိဘဲ လူနာမည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားနိုင်သည့် အချက်အလက်များကို ကျွန်ုပ်တို့ ထုတ်ဖော်ပြောကြားနိုင်ပါသည်။ သို့သော် ထိုသို့ထုတ်ဖော်ခြင်းကို အရေးပေါ် အခြေအနေအား တုံ့ပြန်ဆောင်ရွက်ရာတွင် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများကို ကူညီရန် လိုအပ်သည့် အတိုင်းအတာအထိသာ ပြုလုပ်ပါမည်။

**နှစ်သိမ့်ဆွေးနွေးမှုဆိုင်ရာ မှတ်တမ်းများနှင့် အလွန်လျှို့ဝှက်သော အချက်အလက်များ-** စိတ်ရောဂါကုထုံးဆိုင်ရာ ဆွေးနွေးမှုမှတ်တမ်းများ၊ မူးယစ်ဆေးစွဲရောဂါဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုမှတ်တမ်းများ (နှစ်သိမ့်ဆွေးနွေးမှုကို လေ့လာဆန်းစစ်သော ကုသသူက သီးခြားထားရှိသည့် မှတ်တမ်းများ)၊ စိတ်ကျန်းမာရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ချို့ယွင်းအားနည်းမှုများအတွက် ဝန်ဆောင်မှုများနှင့် အချို့ရောဂါများကဲ့သို့သော ကျန်းမာရေးအချက်အလက်အချို့သည် အထူးသီးသန့် ကိုယ်ရေးလုံခြုံမှု အကာအကွယ်ကို ရရှိပါသည်။ ကျွန်ုပ်တို့သည် ဥပဒေအရ ခွင့်ပြုထားမှသာ သို့မဟုတ် လိုအပ်မှသာ သို့မဟုတ် သင်၏ စာဖြင့်ရေးသားထားသော ခွင့်ပြုချက်ဖြင့်သာ သင်၏ အထူးလျှို့ဝှက်ထားသော ဆေးဘက်ဆိုင်ရာ အချက်အလက်များကို အသုံးပြု သို့မဟုတ် မျှဝေပါမည်။

သို့ရာတွင် အပိုင်း 2 နှစ်သိမ့်ဆွေးနွေးမှုဆိုင်ရာ မှတ်တမ်းများအတွက် အောက်ပါကိစ္စရပ်များတွင် စာဖြင့်ရေးသားထားသော သဘောတူညီချက်မပါဘဲ ကျွန်ုပ်တို့ ထုတ်ဖော်ပြောကြားနိုင်ပါသည်။ (i) အဆိုပါမှတ်တမ်းကို ရေးသားပြုစုခဲ့သည့် ကုသသူကိုယ်တိုင်က ကုသမှုပေးခြင်း၊ (ii) မူးယစ်ဆေးစွဲရောဂါ (SUD) ဆိုင်ရာ ကုသရေးအစီအစဉ်များ သို့မဟုတ် စိတ်ကျန်းမာရေးအစီအစဉ်များရှိ ကျောင်းသားများ၊ သင်တန်းသားများ သို့မဟုတ် ဆရာဝန်များအတွက် လေ့ကျင့်သင်ကြားရေး အစီအစဉ်များ၊ နှင့်/သို့မဟုတ် (iii) လူနာက တရားစွဲဆိုခြင်း သို့မဟုတ် အခြားသော ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုများတွင် Corewell Health ဘက်မှ ခုခံကာကွယ်ရန်အတွက် ဖြစ်ပါသည်။

**အများပြည်သူ ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များ-** ရောဂါဘယများ၊ ထိခိုက်ဒဏ်ရာရမှုများ သို့မဟုတ် မသန်စွမ်းမှုများကို ကာကွယ်ရန် သို့မဟုတ် ထိန်းချုပ်ရန်အတွက် အများပြည်သူကျန်းမာရေးဆိုင်ရာ လုပ်ဆောင်ချက်များတွင် သင့်ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ကျွန်ုပ်တို့ ထုတ်ဖော်ပြောကြားနိုင်ပါသည်။ ပေးအပ်လိုက်သော အချက်အလက်များတွင် မည်သူမည်ဝါမှန်း ခွဲခြားသိရှိနိုင်သည့် အချက်အလက်များအား ဖယ်ရှားထားရမည်ဖြစ်သည်။ ထိုအချက်အလက်များမှတစ်ဆင့် သင့်အား မည်သူမည်ဝါဖြစ်ကြောင်း ပြန်လည်ဖော်ထုတ်နိုင်ရန် ခိုင်လုံသော အကြောင်း မရှိစေရပါ။

**ရန်ပုံငွေရှာဖွေခြင်း လုပ်ဆောင်ချက်များ-** Corewell Health သည် အပိုင်း 2 အစီအစဉ်အတွက် ရန်ပုံငွေရှာဖွေရန် မှတ်တမ်းများကို အသုံးပြုခြင်း သို့မဟုတ် ထုတ်ဖော်ပြောကြားခြင်း ပြုလုပ်နိုင်ပါသည်။ သို့ရာတွင် ရန်ပုံငွေရှာဖွေခြင်းဆိုင်ရာ ဆက်သွယ်မှုများကို လက်မခံရန် ရွေးချယ်နိုင်ခွင့်ရှိကြောင်း လူနာဖြစ်သူ သင့်အား ရှင်းလင်းပြတ်သားစွာ ဦးစွာ အသိပေးပြီးမှသာ ဤသို့ ဆောင်ရွက်နိုင်ပါမည်။ သင် သဘောတူညီပါက Corewell Health က ပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်ထားသော ဖောင်ဒေးရှင်းတစ်ခုမှတစ်ဆင့် Corewell Health ၏ အဖွဲ့ဝင်များအတွက် ရန်ပုံငွေရှာဖွေရန်အလို့ငှာ သင့်ထံ ဆက်သွယ်ရန် ဆေးဘက်ဆိုင်ရာမဟုတ်သော အချက်အလက်အချို့ကို ကျွန်ုပ်တို့ အသုံးပြုနိုင်ပါသည်။

**လုပ်ငန်းခွင်အတွင်း ကျူးလွန်သည့် ပြစ်မှုများ-** လုပ်ငန်းခွင်အတွင်း ပြစ်မှုကျူးလွန်ခြင်း သို့မဟုတ် ကျွန်ုပ်တို့၏ ဝန်ထမ်းများအပေါ် ပြစ်မှုကျူးလွန်ခြင်း သို့မဟုတ် ထိုကဲ့သို့သော ပြစ်မှုကျူးလွန်ရန် ခြိမ်းခြောက်ခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သည့် အချက်အလက်များကို တရားဥပဒေစိုးမိုးရေး အရာရှိများထံ ကျွန်ုပ်တို့ ထုတ်ဖော်ပြောကြားနိုင်ပါသည်။

**ရာဇဝတ်မှုဆိုင်ရာ ဥပဒေရေးရာစနစ်-** အကယ်၍ သင်သည် ရာဇဝတ်မှုဆိုင်ရာ ဥပဒေရေးရာစနစ် (မူးယစ်ဆေးဝါးဆိုင်ရာတရားရုံး၊ ခံဝန်ဖြင့်လွှတ်ခြင်း သို့မဟုတ် ထောင်ဒဏ်လျှော့ပေါ့ကာ စောင့်ကြည့်ခြင်းများ အပါအဝင်) မှတစ်ဆင့် ကုသမှုခံယူရန် အမိန့်ချမှတ်ခြင်း ခံထားရပြီး တရားရုံး၊ ခံဝန်အရာရှိများ၊ ထောင်ဒဏ်လျှော့ပေါ့၍ လွှတ်ပေးထားသည့် အကျဉ်းသားများအား စောင့်ကြည့်ရေးအရာရှိများ၊ တရားစွဲဆိုသူများ သို့မဟုတ် အခြားသော တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများထံသို့ အချက်အလက်များ ထုတ်ဖော်ပြောကြားရန် သဘောတူညီချက်ကို သင်လက်မှတ်ရေးထိုးထားပါက သင်၏ သဘောတူညီချက်ကို ပြန်လည်ရုပ်သိမ်းခွင့်မှာ ပိုမိုကန့်သတ်ချက်ရှိနိုင်ပြီး ထိုအခြေအနေကို သင်လက်မှတ်ရေးထိုးသည့် သဘောတူညီချက်စာတွင် ရှင်းလင်းစွာ ဖော်ပြထားရမည်။

**ဥပဒေကြောင်းအရ အကာအကွယ်ပေးမှုများ-** သင်၏ အထူးသီးသန့် စာဖြင့်ရေးသား ထားသော သဘောတူညီချက် သို့မဟုတ် တရားရုံးအမိန့် တစ်စုံတစ်ရာ မရှိဘဲ မှတ်တမ်းများ သို့မဟုတ် ထိုမှတ်တမ်းပါ အကြောင်းအရာများမှ ကိုးကားထွက်ဆိုချက်များကို သင့်အား အရေးယူဆောင်ရွက်မည့် မည်သည့် တရားမမှု၊ စီမံခန့်ခွဲမှုဆိုင်ရာ အရေးယူမှု၊ ရာဇဝတ်မှု သို့မဟုတ် ဥပဒေဆိုင်ရာ ကြားနာစစ်ဆေးမှုများတွင်မျှ အသုံးပြုခြင်း သို့မဟုတ် ထုတ်ဖော်ပြောကြားခြင်း မပြုရပါ။ 42 USC § 290dd-2 နှင့် 42 CFR အပိုင်း 2 တို့၏ ပြဋ္ဌာန်းချက်အရ လိုအပ်ပါက (လူနာ) သင့်ထံသို့ဖြစ်စေ နှင့်/သို့မဟုတ် မှတ်တမ်းပိုင်ရှင်ထံသို့ဖြစ်စေ အကြောင်းကြားစာ ပေးပို့ပြီးနောက် ကြားနာစစ်ဆေးခွင့် ရရှိပြီးမှသာလျှင် တရားရုံးအမိန့်အပေါ် အခြေခံ၍ မှတ်တမ်းများကို အသုံးပြုခြင်း သို့မဟုတ် ထုတ်ဖော်ပြောကြားခြင်း ပြုလုပ်ရမည်။ အချက်အလက်များကို အသုံးပြုရန် သို့မဟုတ် ထုတ်ဖော်ရန် ခွင့်ပြုထားသော တရားရုံးအမိန့်သည် မှတ်တမ်းကို အသုံးမပြုမီ သို့မဟုတ် ထုတ်ဖော်ပြောကြားခြင်းမပြုမီ ထိုအချက်အလက်များကို မဖြစ်မနေ ထုတ်ပေးရန် ပြဋ္ဌာန်းထားသည့် သမ္မန်စာ သို့မဟုတ် ၎င်းနှင့်အလားတူသော အခြားဥပဒေကြောင်းအရ အမိန့်ညွှန်ကြားချက်တစ်ခုနှင့်အတူ ပူးတွဲပါရှိရမည်။

**သုတေသန လုပ်ငန်းများ-** သတ်မှတ်ထားသော လိုအပ်ချက်များနှင့် ကိုက်ညီပါက သင်၏ အချက်အလက်များကို သုတေသန လုပ်ငန်းများအတွက် ကျွန်ုပ်တို့ အသုံးပြုခြင်းနှင့် ထုတ်ဖော်ပြောကြားခြင်း ပြုလုပ်နိုင်ပါသည်။

**သံသယဖြစ်ဖွယ် ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှုကို သတင်းပို့တိုင်ကြားခြင်း-** သံသယဖြစ်ဖွယ် ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှု ဖြစ်စဉ်များကိုပြည်နယ်ဥပဒေအရ သတင်းပို့တိုင်ကြားရန် လိုအပ်ပါက သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် ဒေသန္တရ အာဏာပိုင်များထံသို့ ကျွန်ုပ်တို့က အချက်အလက်များ ထုတ်ဖော်ပြောကြားနိုင်ပါသည်။ သို့သော်လည်း သံသယဖြစ်ဖွယ် ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှုကို သတင်းပို့တိုင်ကြားရာမှ ပေါ်ပေါက်လာနိုင်သည့် တရားမမှု သို့မဟုတ် ရာဇဝတ်မှုဆိုင်ရာ အရေးယူဆောင်ရွက်မှု များအတွက် အပါအဝင် လူနာ၏မူလမှတ်တမ်းများကို သဘောတူညီချက်မရှိဘဲ ကျွန်ုပ်တို့ ထုတ်ဖော်ပြောကြားခြင်း မပြုနိုင်ပါ။

**သေဆုံးမှုကို အစီရင်ခံခြင်း-** သေဆုံးရသည့် အကြောင်းရင်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရယူပိုင်ခွင့်ရှိသော ပြည်သူ့ကျန်းမာရေး အာဏာပိုင်အဖွဲ့အစည်းထံသို့ ကျွန်ုပ်တို့ ထုတ်ဖော် အသိပေးနိုင်ပါသည်။

**သင့်ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို အခြားနည်းလမ်းများဖြင့် အသုံးပြုခြင်း-** ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ဤအသိပေးချက်တွင် ဖော်ပြမထားသော သို့မဟုတ် Corewell Health အပေါ် သက်ရောက်မှုရှိသည့် ဥပဒေများတွင် ပါဝင်ခြင်းမရှိသော အခြားနည်းလမ်းများဖြင့် အသုံးပြုခြင်းနှင့် ထုတ်ဖော်ပြောကြားခြင်းတို့ကို သင်၏ စာဖြင့်ရေးသားထားသော ခွင့်ပြုချက်ရှိမှသာလျှင် ဆောင်ရွက်ပါမည်။ သင်၏ ဆေးဘက်ဆိုင်ရာ အချက်အလက်ကို အသုံးပြုရန် သို့မဟုတ် ထုတ်ဖော်ရန် ကျွန်ုပ်တို့အား ခွင့်ပြုချက်ပေးပါက သင်သည် အဆိုပါခွင့်ပြုချက်ကို စာဖြင့်ရေးသား၍ အချိန်မရွေး ပြန်ရုပ်သိမ်းနိုင်သည်။ သင်၏ခွင့်ပြုချက်ကို ပြန်ရုပ်သိမ်းပါက သင့်ခွင့်ပြုစာတွင် အကျုံးဝင်သော အကြောင်းရင်းများအတွက် သင်နှင့်ပတ်သက်သော ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို အသုံးပြုခြင်း သို့မဟုတ် ထုတ်ဖော်ခြင်းတို့ကို ကျွန်ုပ်တို့ပြုလုပ်တော့မည်မဟုတ်ပါ။ သင်၏ခွင့်ပြုချက်ဖြင့် ကျွန်ုပ်တို့ပြုလုပ်ထားပြီးသော မည်သည့်ထုတ်ဖော်ပြောကြားကိုမျှ ပြန်လည်ရုပ်သိမ်း၍ မရနိုင်ပါ။ ထို့ပြင် သင့်အား ကျွန်ုပ်တို့ပေးခဲ့သော စောင့်ရှောက်မှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ မှတ်တမ်းမှတ်ရာများ ကိုလည်း ထိန်းသိမ်းထားရန် လိုအပ်ပါသည်။

**သင့်ကျန်းမာရေးဆိုင်ရာ အချက်အလက်နှင့် ပတ်သက်သည့် သင်၏အခွင့်အရေးများ**

**စစ်ဆေးကြည့်ရှုခွင့်နှင့် မိတ္တူကူးယူခွင့်-** သင်၏ ဆေးမှတ်တမ်းများနှင့် ကျွန်ုပ်တို့ထံတွင်ရှိသော သင့်ကျန်းမာရေးဆိုင်ရာ အခြားအချက်အလက်များကို ကြည့်ရှုရန် သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်စေ၊ စာရွက်ဖြင့်ဖြစ်စေ မိတ္တူရယူရန် သင်တောင်းဆိုနိုင်ပါသည်။ သင်ရရှိနိုင်သော အချက်အလက်များတွင် ဆေးဘက်ဆိုင်ရာနှင့် ကျသင့်ငွေတောင်းခံခြင်း မှတ်တမ်းများ ပါဝင်သော်လည်း စိတ်ရောဂါကုထုံးဆိုင်ရာ ဆွေးနွေးမှုမှတ်တမ်းများ မပါဝင်ပါ။ ကျွန်ုပ်တို့သည် သင့်ကျန်းမာရေးဆိုင်ရာ အချက်အလက်များ၏ မိတ္တူ သို့မဟုတ် အကျဉ်းချုပ်ကို သင်တောင်းဆိုပြီးချိန်မှ များသောအားဖြင့် ရက် 30 အတွင်း ပေးပို့ပါမည်။ ကုန်ကျစရိတ်အပေါ် အခြေခံသည့် သင့်တင့်မျှတသော ဝန်ဆောင်ခကို ကျွန်ုပ်တို့ ကောက်ခံနိုင်ပါသည်။ အလွန်တရာ ကန့်သတ်ထားသော အချို့အခြေအနေများတွင် သင်၏ စစ်ဆေးကြည့်ရှုခွင့်နှင့် မိတ္တူကူးယူခွင့် တောင်းဆိုချက်ကို ကျွန်ုပ်တို့ ငြင်းပယ် နိုင်ပါသည်။ သင်သည် ကျန်းမာရေးဆိုင်ရာ အချက်အလက်များ ရယူခွင့်ကို ငြင်းဆိုခံ ရပါက ငြင်းဆိုမှုကို ပြန်လည်သုံးသပ်ပေးရန် တောင်းဆိုနိုင်သည်။ Corewell Health က ရွေးချယ်ထားသည့် အခြားသော လိုင်စင်ရ ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင် ပညာရှင်သည် သင်၏ တောင်းဆိုချက်နှင့် ငြင်းဆိုခံရမှုကို ပြန်လည်သုံးသပ်ပါမည်။ သုံးသပ်ချက်လုပ်ဆောင်သော ပုဂ္ဂိုလ်သည် သင့်ကနဦးတောင်းဆိုချက်ကို ငြင်းဆိုခဲ့သူ မဟုတ်ပါ။ ကျွန်ုပ်တို့သည် သုံးသပ်ချက်၏ ရလဒ်အတိုင်း လိုက်နာဆောင်ရွက်ပါမည်။ သုတေသန ဆောင်ရွက်ချက်များတွင် သင်ပါဝင်နေပါက မပါဝင်မီ သင်လက်မှတ် ရေးထိုးခဲ့သည့် သဘောတူညီချက်ဖောင်တွင် ဤရယူခွင့် ကန့်သတ်ခြင်းကို သဘောတူ ထားသရွေ့ ကျွန်ုပ်တို့သည် ထိုသုတေသနနှင့်သက်ဆိုင်သော သင်၏ ကျန်းမာရေးဆိုင်ရာ အချက်အလက်အချို့ကို စစ်ဆေးရန်နှင့် မိတ္တူရယူရန် သင့်တောင်းဆိုချက်ကို ငြင်းဆိုနိုင်သည်။ ကျွန်ုပ်တို့သည် ဥပဒေအရ အခြားတစ်နည်းအားဖြင့် ခွင့်ပြုထားသည့်အတိုင်းလည်း ရယူခွင့်ကို ငြင်းဆိုနိုင်သည်။

**ပြင်ဆင်ပိုင်ခွင့်-** သင်နှင့်ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာ အချက်အလက်များသည် မှားယွင်းနေသည် သို့မဟုတ် မပြည့်စုံဟု သင်ယူဆပါက ၎င်းတို့ကို ပြင်ဆင်ရန်အတွက် ကျန်းမာရေးဆိုင်ရာ အချက်အလက် စီမံခန့်ခွဲမှုဌာန (Health Information Management Department) ထံသို့ သင်တောင်းဆိုနိုင်ပါသည်။ ကျွန်ုပ်တို့သည် သင့်တောင်းဆိုချက်ကို "ငြင်းပယ်" နိုင်ပြီး ရက် 60 အတွင်း ငြင်းပယ်ရသည့် အကြောင်းရင်းကို စာရေးသား၍ သင့်အား ပြောပြပါမည်။ စာဖြင့်ရေးသား၍ မတောင်းဆိုပါက သို့မဟုတ် တောင်းဆိုချက်ကို ထောက်ခံပေးသည့် အကြောင်းပြချက် မပါဝင်ပါက သင်၏ ပြင်ဆင်ခွင့် တောင်းဆိုချက်ကို ကျွန်ုပ်တို့ ငြင်းပယ်နိုင်သည်။ ထို့အပြင် အောက်ပါအချက်အလက်များကို ပြင်ဆင်ပေးရန် သင်က ကျွန်ုပ်တို့ကို တောင်းဆိုပါကလည်း သင့်တောင်းဆိုချက်အား ကျွန်ုပ်တို့ ငြင်းဆိုနိုင်သည်-

- အချက်အလက်ကို မူလဖန်တီးခဲ့သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အဆိုပါပြင်ဆင်မှုကို ပြုလုပ်ပေးရန်အတွက် မရှိတော့သည့် အခြေအနေမျိုးမှအပ ကျန်အခြေအနေများတွင် အဆိုပါ အချက်အလက်ကို ကျွန်ုပ်တို့ကိုယ်တိုင် ဖန်တီးခဲ့ခြင်း မဟုတ်လျှင်။
- အဆိုပါ အချက်အလက်သည် Corewell Health အဖွဲ့အစည်း ကိုယ်တိုင်က သိမ်းဆည်းထားသော သို့မဟုတ် ၎င်းအတွက် သိမ်းဆည်းထားသော ကျန်းမာရေးဆိုင်ရာ အချက်အလက်များတွင် ပါဝင်ခြင်းမရှိလျှင်။
- အဆိုပါ အချက်အလက်သည် သင့်အား စစ်ဆေးကြည့်ရှုခွင့်နှင့် မိတ္တူကူးယူခွင့် ပြုထားသော အချက်အလက်များတွင် ပါဝင်ခြင်းမရှိလျှင်။
- အချက်အလက်များသည် တိကျမှန်ကန်ပြီး ပြည့်စုံနေလျှင်။

**ထုတ်ဖော်ပြောကြားမှုစာရင်းကို တောင်းဆိုပိုင်ခွင့်-** သင်တောင်းဆိုသည့် နေ့ရက်မတိုင်မီ သုံးနှစ်တာကာလအတွင်း သင့်ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ကျွန်ုပ်တို့ မျှဝေခဲ့သည့် အကြိမ်ရေ၊ မည်သူ့ထံသို့ မျှဝေခဲ့သည်နှင့် မည်သည့်အကြောင်းရင်းကြောင့် မျှဝေခဲ့သည်ဟူသော စာရင်း (စာရင်းပြုစုတင်ပြမှု) ကို သင်တောင်းဆိုနိုင်ပါသည်။ ဤစာရင်းကို တောင်းဆိုပုံအား သိရှိနိုင်ရန် ကျန်းမာရေးဆိုင်ရာ အချက်အလက် စီမံခန့်ခွဲမှုဌာန (Health Information Management Department) သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ကုသမှု၊ ငွေပေးချေမှု၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်တာများနှင့် ပတ်သက်သည်မှအပ ကျန်ထုတ်ဖော်ချက်အားလုံးနှင့် အခြားသော ထုတ်ဖော်ချက်အချို့ (ကျွန်ုပ်တို့ကို သင်ပြုလုပ်ခိုင်းသည့် အရာမှန်သမျှ ကဲ့သို့) ကို ကျွန်ုပ်တို့က ထည့်သွင်းဖော်ပြပေးပါမည်။ ကျွန်ုပ်တို့အနေဖြင့် တစ်နှစ်လျှင် တစ်ကြိမ် အချက်အလက် ထုတ်ဖော်ပြောကြားမှုစာရင်းကို အခမဲ့ ပေးပါမည်။ သို့သော် 12 လအတွင်း နောက်ထပ်စာရင်းတစ်ခုကို သင် ထပ်မံတောင်းဆိုပါက ကုန်ကျစရိတ် အပေါ် အခြေခံသည့် သင့်တင့်မျှတသော ဝန်ဆောင်ခကို ကောက်ခံပါမည်။ သင့်တောင်းဆိုချက်တွင် စာရင်းအား မည်သည့်ပုံစံဖြင့် အလိုရှိသည်ကို ဖော်ပြပေးရမည် (ဥပမာ- စာရွက်ဖြင့် သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်)။

**ကန့်သတ်ရန် တောင်းဆိုပိုင်ခွင့်-** ကုသမှု၊ ငွေပေးချေမှု သို့မဟုတ် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် အချို့သော ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို အသုံးမပြုရန် သို့မဟုတ် ထုတ်ဖော်ပြောကြားခြင်း မပြုရန် သင်က ကျွန်ုပ်တို့အား တောင်းဆိုနိုင်ပါသည်။ သင်က ဝန်ဆောင်မှုတစ်ခုအတွက် သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှု ပစ္စည်းတစ်ခုအတွက် သင့်ဘာသာ အပြည့်အဝ စိုက်ထုတ်ပေးချေပါက ထိုအချက်အလက်ကို သင်၏ ကျန်းမာရေးအာမခံကုမ္ပဏီနှင့် မမျှဝေရန် ကျွန်ုပ်တို့အား တောင်းဆိုနိုင်သည်။ ဥပဒေအရ ထိုအချက်အလက်ကို မျှဝေရန် လိုအပ်ခြင်း၊ ၎င်းက သင့်စောင့်ရှောက်မှုကို ထိခိုက်စေခြင်း သို့မဟုတ် သင့်တောင်းဆိုချက်ကို ကျွန်ုပ်တို့ မလိုက်လျောနိုင်ခြင်းမှလွဲ၍ ကျန်အခြေအနေများတွင် ကျွန်ုပ်တို့ “သဘောတူ” ပါမည်။

**လျှို့ဝှက်စွာ ဆက်သွယ်ဆောင်ရွက်ရန် တောင်းဆိုပိုင်ခွင့်-** ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ သင့်ထံ ဆက်သွယ်ရာတွင် သတ်မှတ်ထားသော နည်းလမ်း တစ်ခုဖြင့်ဖြစ်စေ၊ သတ်မှတ်ထားသော နေရာတစ်ခုသို့ဖြစ်စေ ဆက်သွယ်ပေးရန် သင်တောင်းဆိုနိုင်ပါသည်။ ဥပမာအားဖြင့် သင်သည် အလုပ်တွင်သာ သို့မဟုတ် စာတိုက်မှတစ်ဆင့်သာ သင့်ကို ဆက်သွယ်ပေးရန် ကျွန်ုပ်တို့အား တောင်းဆိုနိုင်သည်။ ကျိုးကြောင်းသင့်သော တောင်းဆိုချက်အားလုံးကို ကျွန်ုပ်တို့ သဘောတူပါမည်။ စာရင်းသွင်းစဉ်အတွင်း သင့်လူနာကိုယ်စားလှယ်ထံ သို့မဟုတ် ကိုယ်ရေးအချက်အလက် လုံခြုံမှုဆိုင်ရာရုံးထံ တောင်းဆိုနိုင်သည်။ ကျွန်ုပ်တို့သည် သင့်တောင်းဆိုချက်ကို စာဖြင့် ရေးသားခိုင်းနိုင်သည်။

**တိုင်ကြားစာ တင်သွင်းခြင်း**

သင်၏ ကိုယ်ရေးအချက်အလက် လုံခြုံမှုဆိုင်ရာ အခွင့်အရေးများ ချိုးဖောက်ခံရသည်ဟု သင်ယူဆပါက အမေရိကန်ပြည်ထောင်စု ကျန်းမာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုဌာန (U.S. Department of Health and Human Services) ၏ အတွင်းရေးမှူးထံသို့ သော်လည်းကောင်း၊ Corewell Health ထံသို့သော်လည်းကောင်း တိုင်ကြားစာ တင်သွင်းပိုင်ခွင့် ရှိပါသည်။ ချိုးဖောက်ခံရသည်ဟု စွပ်စွဲထားသော ကိစ္စရပ်ကို အတွင်းရေးမှူးထံသို့သော်လည်းကောင်း၊ Corewell Health ထံသို့သော်လည်းကောင်း တိုင်ကြားရန် တာဝန်ရှိသည်ဟု သတ်မှတ်ထားခြင်းမရှိပါ။ သို့သော် သင်သည် ထိုနှစ်နေရာအနက် တစ်နေရာရာသို့ဖြစ်စေ၊ နှစ်နေရာစလုံးသို့ဖြစ်စေ တိုင်ကြားနိုင်ပါသည်။ တိုင်ကြားစာ တင်သွင်းမှုကြောင့် သင့်အပေါ် ပြစ်ဒဏ်ခတ်ခြင်း သို့မဟုတ် လက်စားချေ တုံ့ပြန်ခြင်း ပြုလုပ်မည်မဟုတ်ပါ။

အမေရိကန်ပြည်ထောင်စု ကျန်းမာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုဌာန (U.S. Department of Health and Human Services)၊ နိုင်ငံသားအခွင့်အရေးရုံး (Office for Civil Rights) ထံသို့ တိုင်ကြားစာ တင်သွင်းရန်အတွက် **ocrportal.hhs.gov/ocr/smartscreen/main.jsf** သို့ ဝင်ရောက်ဆောင်ရွက်နိုင်ပါသည်။

Corewell Health ထံသို့ တိုင်ကြားစာ တင်သွင်းလိုပါက အခမဲ့ခေါ်ဆိုနိုင်သော ကျင့်ဝတ်ပိုင်းဆိုင်ရာ တိုင်ကြားမှု ဟော့လိုင်း **877.319.0266** သို့ ဖုန်းခေါ်ဆိုနိုင်သည်၊ **privacy@corewellhealth.org** သို့ အီးမေးလ်ပို့နိုင်သည် သို့မဟုတ် အောက်ပါလိပ်စာသို့ စာဖြင့်ရေးသား၍ တင်သွင်းနိုင်ပါသည်-

Corewell Health
ATTN: Chief Privacy Officer MC6481
100 Corewell Drive NW
Grand Rapids, MI 49503

**ဤအသိပေးချက်ရှိ အပြောင်းအလဲများ**

ကျွန်ုပ်တို့သည် ဤအသိပေးချက်ကို ပြောင်းလဲခွင့်ရှိသည်။ ကျွန်ုပ်တို့တွင်ရှိပြီးသားဖြစ်သော သင့်ကျန်းမာရေးဆိုင်ရာ အချက်အလက်များအပြင် နောင်တွင် ကျွန်ုပ်တို့ရရှိမည့် မည်သည့်အချက်အလက်အတွက်မဆို ပြင်ဆင်ထားသော အသိပေးချက်ကို သက်ရောက်အကျုံးဝင်အောင်ပြုလုပ်ခွင့်လည်း ကျွန်ုပ်တို့တွင် ရှိသည်။ ကျွန်ုပ်တို့သည် လက်ရှိအသိပေးချက်၏ မိတ္တူကို ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဌာနများ၊ ရုံးခန်းများနှင့် ဤအသိပေးချက်နှင့်သက်ဆိုင်သော တည်နေရာများတွင် ကြေညာဖော်ပြထားပါမည်။ အသိပေးချက်တွင် စတင်အကျုံးဝင်သည့်ရက်စွဲ ပါရှိပါမည်။ ထို့အပြင် သင်က အပိုင်း 2 ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဌာန သို့မဟုတ် ရုံးခန်း၌ စာရင်းသွင်းသည့်အခါတိုင်းတွင်ဖြစ်စေ၊ အပိုင်း 2 ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဌာန၌ နေထိုင်ပြီး အတွင်းလူနာ သို့မဟုတ် ပြင်ပလူနာအဖြစ် ကုသမှု သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှု ဝန်ဆောင်မှုများ ရယူသည့်အခါတိုင်းတွင်ဖြစ်စေ လက်ရှိနှင့်အကိုက်ညီဆုံး အသိပေးချက်၏ မိတ္တူကို သင်ဖတ်ရှုနိုင်အောင် ပြုလုပ်ပေးပါမည်။